မြန်မာ့မဟာဂီတသီချင်းများ စန္ဒရား နှင့် သံစုံတီးဝိုင်း

အမှတ် (၁)

MAHAGITA MYANMAR CLASSICS

PIANO & ORCHESTRA

Volume (1)

ကျမ်းဦးဂါရဝ

မဟာဂီတ

မြန်မာ့မဟာဂီတ ခိုင်မာတည်တန့်ရှင်သန်ရေးသည် စာရေးသူ၏ ဂီတအိပ်မက်များအနက် တစ်ခုဖြစ်ပါသည်။ ဤအဆိုပြုချက်ကို မန္တလေးမြို့မ တူရိယာအသင်းကြီး၏ (၁၉၂၅-၂၀၀၀) ခုနှစ် စိန်ရတုသဘင် အထိမ်းအမှတ်အတွက် ထုတ်ဝေခဲ့သော စာရေးသူ ရေးသားပြုစုသည် "ကမ္ဘာ့ဂီတ သင်္ကေတနည်းပညာနှင့် မြန်မာ့မဟာဂီတ မြန်မာသီချင်းများ" ဂီတဆိုင်ရာကျမ်းတွင် အခိုင်အမာ တင်ပြခဲ့ဖူးပါသည်။

ယင်းစာအုပ်၏ ကျမ်းဦးဂါရဝတွင် -

> "မြန်မာလူမျိုးဖြစ်သော စာရေးသူအနေနှင့် မြန်မာ့ဂီတ၏ အခြေခံအုတ်မြစ်သည် မြန်မာ့မဟာဂီတဟု ခံယူနားလည်ပါသည်။ မြန်မာတိုင်းလည်း ဤသို့ပင် ခံယူကြလိမ့်မည်။ ဤသို့ပင် ခံယူကြရမည်ဟု မျှော်လင့်တိုက်တွန်းလိုပါသည်" - ဟု ဆန္ဒပြုတင်ပြခဲ့ဖူးပါသည်။

ထို့ပြင်မက နိုင်ငံတော်အတွက် ခိုင်မာသော "မဟာဂီတ ဘဏ်တိုက်ကြီး" တစ်ခုတည်ဆောက်ဖြစ်ပေါ်လာမည်ကိုလည်း အထူး မျှော်လင့်ကြိုးပမ်းခဲ့ပါသည်။ ဂီတရေးရာတွင် ဘက်စုံကျွမ်းကျင်သူ ဂီတပညာရှင်အပေါင်းကလည်း စာရေးသူထက် ပိုမိုသော စေတနာများစွာဖြင့် ဝိုင်းဝန်းပြုစုကြမည်ကို မျှော်လင့်ယင်း -

> "မြန်မာ့ဂီတရတနာများဖြင့် အတိပြီးသော ဤရတနာဘဏ်တိုက်ကြီးသည်။ မြန်မာလူမျိုးတိုင်းအဖို့ ကမ္ဘာတည်သရွေ့ မြန်မာ့ဂီတအတွက် ဂုဏ်ယူနိုင်ကြမည် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့မဟာဂီတ ခိုင်မာမှုအတွက် ဝိုင်းဝန်းပြုစုကြပါ၊ ဝိုင်းဝန်းထိမ်းသိမ်းကြပါ။ ဝိုင်းဝန်းမြှင့်တင်ကြပါ" - ဟူ၍လည်း တင်ပြခဲ့ဖူးပါသည်။

မြို့မ

မြို့မငြိမ်း၏ ဂီတအမွေခံ သားတစ်ယောက်အနေနှင့်သော်လည်းကောင်း၊ မြို့မအသင်းသားတစ်ယောက်အနေနှင့်သော်လည်းကောင်း၊ ၁၉၂၅ ခုနှစ် မြို့မအပျော်တမ်းတူရိယာအသင်း တည်ထောင်ပြီး သုံးနှစ်အကြာ ၁၉၂၈ ခုနှစ်တွင် ချမှတ်ခဲ့သော မြို့မတူရိယာ အသင်း၏ ဥပဒေ စည်းမျဉ်းစာအုပ်ပါ ရည်ရွယ်ချက်များဖြစ်သော -

(က) မြန်မာသီချင်းကြီးများ ဆည်းပူးပြန့်ပွားရေး။

(ခ) ကမ္ဘာသုံးတူရိယာများ လေ့လာသင်ကြားတတ်မြောက်ရေး။

(ဂ) Music Note အမှတ်အသားပညာဖြင့် ရေးထားသော တူရိယာပညာကို ဆည်းပူးလေ့လာရန်။

(ဃ) ကမ္ဘာ့ခေတ်မီတူရိယာဝိုင်းကြီး ဖြစ်မြောက်ရေး။

(င) ရှေးမြန်မာသီချင်းကြီးများကို ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ ကမ္ဘာသုံးဖြစ်သော Music Note ပညာဖြင့် ကူးပြောင်းရေးသား လေ့လာရန်။

(စ) မြန်မာနိုင်ငံတော်အတွင်း တူရိယာအသင်းများက ဆက်သွယ်ပါလျှင် တတ်အားသမျှ အားပေးကူညီရန် ဟူ၍ ဖြစ်ပါသည်။

ယင်းအချက် (၆) ခုအနက် (ဃ) အချက်မှလွဲ၍ ကျန်ရည်မှန်းချက်များကို ဘဝပေးဂီတတာဝန်အဖြစ်ဆောင်ရွက်ခဲ့ပါသည်။ မိမိ၏ ဂီတသမားဘဝလျှောက်လှမ်းခဲ့ရသည့် ဂီတအတွေ့အကြုံ၊ ဂီတပညာအနုအရင့် အဆင့်ဆင့်အလိုက် ဂီတဆိုင်ရာလုပ်ငန်း၊ ဂီတဆိုင်ရာ ဂီတကျမ်းများကို မြို့မအသင်း၏ ရည်မှန်းချက်မှုမက၊ ပိုမိုသော အမျိုးသားရေး ဂီတရည်မှန်းချက် အဖြစ်မှတ်ယူကာ နေ့နေ့ညည ကြိုးပမ်းပြုစုခဲ့ပါသည်။

Symphony Orchestra သံစုံတီးဝိုင်း

ကျွန်တော့်ဘဝ ကျွန်တော့်ဂီတသက်တမ်းတစ်လျှောက်တွင် ကျွန်တော့်ဂီတအာရုံ၌ အမြဲစွဲထင်သည့် ဂီတအိပ်မက်မှာ မြန်မာ့သံစုံတီးဝိုင်းကြီးဖြစ်ထွန်းပေါ်ပေါက်ရေးပင် ဖြစ်ပါသည်။ အမှန်ပြောရလျှင် ကျွန်တော်၏ ဆန္ဒသည် ကျွန်တော့်အဘ (အဖေ) မြို့မငြိမ်းနှင့် ဆရာရွှေပြည်အေးတို့၏ ဂီတဆန္ဒကို အမွေဆက်ခံ ရည်သန်ကြိုးပမ်းလိုခြင်း ဖြစ်ပါသည်။

ဤအကြောင်းအရာနှင့် ပတ်သက်၍ အထက်တစ်နေရာတွင် တင်ပြထားသော မြို့မစိန်ရတုအထိမ်းအမှတ် ထုတ်ဝေသည့် ကျွန်တော်၏ "ကမ္ဘာ့ဂီတသင်္ကေတနည်းပညာနှင့် မြန်မာ့မဟာဂီတမြန်မာသီချင်း" ဂီတကျမ်းစာမျက်နှာ (၅၂) တွင် "ဂီတအမွှာများ" ဟူသောကဏ္ဍ၌ "ရင်ချင်းဆက်အမွှာ" ဟူသောခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း တင်ပြခဲ့ဖူးပါသည်။

> **ကျွန်တော့်အဘ (အဖေ) မြို့မငြိမ်းနှင့် ဆရာရွှေပြည်အေးတို့၏ တစ်သက်တွင် တစ်ခါတွေ့ကြုံသော်လည်း ထိုနေ့ထိုရက်သည် မြန်မာ့ဂီတ လောကတစ်ခုလုံးအတွက် သမိုင်းဝင်နေ့ရက်၊ သမိုင်းဝင်အချိန်များအဖြစ် ချောက်ချောက်ခြားခြား မေ့မရလောက်အောင်ဖြစ်ရသည်ကို ဆရာရွှေပြည်အေးကိုယ်တိုင် အမှာစာရေးပေးသော သန်းအောင်နိုင်၏ 'မြို့မငြိမ်းနှင့် သူ့အနုပညာ' စာအုပ်မှ 'ပြော် ကိုညိမ်း ကိုညိမ်း တကယ့်မြို့မငြိမ်း'** ဆောင်းပါးမှ ကောက်နုတ်သိရှိနိုင်ပါသည်။
>
> **'ဤအခါမှစ၍ ကိုညိမ်းနှင့် ကျွန်တော်တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်ပြီး အလွန်ခင်မင်ရင်းနှီးလျှက် အလုပ်ဌာနခြင်း ခြားနားသော်လည်း နှစ်ယောက်သားမှာ အခါသင့်တိုင်း ပန်းဆိုးတန်းရှိ ဝင်းဝင်းရုံ (ယခင် စတားရုံ) နှင့် မျက်နှာချင်းဆိုင်မှ ထိုအခါက (ဂေတီ) ပျော်ပွဲစားရုံ၌ တွေ့ဆုံစားသောက် ဂီတအရေး ဆွေးနွေးလေ့ရှိပါသည်။ သို့ကလို ဆွေးနွေးကြရင်းမှ ကိုညိမ်း၏ အူအသဲနှလုံးနှင့်တူသော ဝမ်းတွင်းမှ မြိုသိပ်ထားသည့် စကားများကို ကြားရသည့်အခါ ကျွန်တော့်မှာ အံ့အားသင့်လျှက် နားထောင်ရင်းမှ ဟင်းကနဲ သက်ပြင်းချ၍ ကိုညိမ်းရာ ကျွန်တော့်အကြံနှင့် တူလေခြင်းဗျာဟုထ၍ ဖက်မိတော့သည်။ ထိုအကြံကား အခြားမဟုတ် ကမ္ဘာ့တစ်ခွင် ဗမာ (Symphony) တီးဝိုင်းကြီးထည်ဝါစွာ ပေါ်ပေါက်လာရေးပင် ဖြစ်ပါသည်'** ဟူ၍ဖြစ်၏။

အဘနှင့် ရွှေပြည်အေးတို့၏ အာသီသဆန္ဒ ခန့်ထည်ကြီးမားလိုက်ပုံကား ရင်ချင်းဆက်တမျှထ၍ ဖက်ကာ တစ်ခုတည်းသော အနုပညာနှလုံးသားဖြင့် တစ်ခုတည်းသော ရည်မှန်းချက်ဖြစ်သည် -

> **'မြန်မာ့ဂီတအဆင့်မြင့် ခေတ်မီရေး**
> **မြန်မာ့ဂီတသံစုံတီးဝိုင်းကြီး ပေါ်ပေါက်ရေး'** တည်းဟူသော

ကမ္ဘာနှင့် ရင်ဘောင်တန်းလိုသော လူမျိုး၏ ဂုဏ်သိက္ခာ၊ လူမျိုး၏ဂီတရေးရာ တိုးတက်မှုများအတွက် အစီအမံကောင်းများ၊ အစီအစဉ်ကောင်းများကို မျိုးဆက်အလိုက် ကြိုးစားနိုးကြားစေလိုသော ထပ်တူညီမျှ စေတနာအဝဝနှင့် အဆင့်ဆင့် ပန္နက်ချလိုခဲ့ကြခြင်းပင်ဖြစ်ပါသည်။

မြို့မတူရိယာ အသင်းကြီး၏ ကိုယ်စားဖြစ်သော မြို့မဂီတမျိုး ကျွန်တော်၏ ကြိုးပမ်းမှုနှင့် မြန်မာ့ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန ပုဂ္ဂိုလ်များ၏ ကူညီအားပေးမှု စေတနာများစွာဖြင့် ပူးပေါင်းကာ အမျိုးသားရေးဂီတအတွက် ရလဒ်ကောင်း မှတ်တိုင်တစ်ခုဖြစ်စေရန် ရည်ရွယ်လျက် -

National Symphony Orchestra (NSO) MAHAR GITA MYANMAR CLASSICS PREFORMANCE ဖျော်ဖြေတင်ဆက်မှုအနေနှင့် Music Edu Entertainment အစီအစဉ်တစ်ခုတင်ပြခဲ့ဖူးပါသည်။

National Symphony Orchestra (NSO) အနေနှင့် နိုင်ငံတော်မှ စတင်ဖွဲ့စည်းသည့် နေ့ရက်မှ ယနေ့ထိ NSO ၏ Music performances, music activities များ လုပ်ဆောင်တင်ဆက်ရာတွင် ဧည့်သည်တော် နိုင်ငံခြားဂီတပညာရှင်များ၊ ဂီတမှူးများ၏ အားပေးကူညီမှုအရ Symphony Orchestra ၏ တင်ဆက်မှုတွင် များသောအားဖြင့် နိုင်ငံခြားသီချင်းကြီးများ၊ နိုင်ငံခြား တေးသွားများနှင့်သာ နားဆင်သူပရိသတ်များကို ဖျော်ဖြေမှုပြုလုပ်ကြသည်ကို တွေ့ကြရသည်။

စာရေးသူ၏ အယူအဆမှာ NSO အနေနှင့် နိုင်ငံခြားတူရိယာများ အသုံးပြုတီးခတ်မှု၊ နိုင်ငံခြားသီချင်း (ကမ္ဘာ့ဂီတသီချင်း) များ တီးခတ်မှုသည် လမ်းကြောင်းမှန်ဖြစ်သည်ကို နားလည်ပါသည်။ NSO ၏ players များကို နိုင်ငံခြားဂီတ ပညာရှင်များနှင့် ပူးပေါင်းလုပ်ဆောင်ကြရာတွင်၊ တီးခတ်တင်ဆက်မှုအတွေ့အကြုံ များလာနိုင်သည်နှင့်အမျှ၊ တီးခတ်လေ့ကျင့်မှု များလာသည်နှင့်အမျှ Symphony Orchestra အဖို့ players အရေအတွက်မှုမက အရည်အချင်းများပါ ပြည့်စုံကောင်းမွန်လာစေရန် မျှော်လင့်မိပါသည်။

NSO သည် ဤသို့အရေအတွက်မှုမက အရည်အချင်းများပါ ပို၍ ပို၍ ကောင်းမွန်အောင် ကြိုးပမ်းကာ မျိုးဆက်တစ်ဆက်မှသည်တစ်ဆက် မျိုးဆက်သစ်များစွာ ရေရှည်ရင်းနှီးမှုများဖြင့် ကမ္ဘာ့အဆင့်မီစေဖို့ ကြိုးပမ်းရမည်ဖြစ်ပါသည်။ NSO အနေနှင့် ကမ္ဘာ့အဆင့်မီစေဖို့ ကြိုးပမ်းရာတွင် မြန်မာ့ဂီတကို ကမ္ဘာကသိစေဖို့ မြန်မာ့ဂီတကမ္ဘာကို ထိုးဖောက်နိုင်စေဖို့လည်း လိုအပ်ပါသည်။ မြန်မာ့အမျိုးသားရေး လက္ခဏာ National Character ပါသော ဂီတတင်ဆက်မှုသည် NSO အတွက် အမှန်တကယ် ဖြည့်စွက်ပေးရမည်ဖြစ်သော ကွက်လပ်တစ်ခု ဖြစ်ပါသည်။

မြို့မဂီတမှူးနှင့် မြန်မာ့ရုပ်မြင်သံကြား ပြန်ကြားရေးဌာနတို့၏ ပူးပေါင်းတင်ဆက်လိုမှု ရည်ရွယ်ချက်သည် ယင်းကွက်လပ်အတွက် အထူးကြိုးပမ်းလုပ်ဆောင်မှု Music Edu (Enter) tainment အစီအစဉ်တစ်ခုအဖြစ် တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

Music Education အနေနှင့် တင်ဆက်မည်ဖြစ်သော မဟာဂီတ ပတ်ပျိုးသီချင်းများဖြစ်သော ချစ်သမျှကို၊ ယမုန်နာ၊ ညင်းလေကသွေး၊ သန်းယံကကျူး သီချင်း (၄) ပုဒ်နှင့် မဟာဂီတနယ်ပယ်မှ အရပ်သဘောအလွယ်တကူ နားဆင်ကြရလေ့ရှိသည့် "မြမန်းဂီရိ" နှင့် "တောနဲ့တောင်စွယ်" ယိုးဒယားသီချင်း (၂) ပုဒ်အတွက် သံစုံတီးဝိုင်း Symphony Orchestra မှ တီးခတ်မည့် ကမ္ဘာသုံးဂီတသင်္ကေတနှင့် ပြုစုထားသော Piano pieces နှင့် Orchestra arrangements များကို ဂီတကျမ်းများအဖြစ်ပြုစုကာ သမိုင်းမှတ်တမ်းဖြစ်စေလိုမှု။

Music Entertainment အနေနှင့် ယင်းဂီတကျမ်းနှင့်အတူ ဖျော်ဖြေမှုသဘော CD တစ်ခုပါရှိပါမည်။ မြန်မာ့မဟာဂီတ သီချင်းများကို Piano အခြေခံသော မြန်မာ့မူဟန် Piano & Orchestra အနေနှင့် သံစုံတီးဝိုင်း Symphony Orchestra နှင့် တွဲဖက်၍ မြန်မာ့ဂီတ၊ မြန်မာ့ဟန် မပျက်မယွင်း၊ စည်းဝါး၊ သံကျ၊ ကွေ့ ထောင့်၊ အတွဲ့အဝိုင်း၊ အဖွဲ့အနွဲ့၊ အတွဲအဖက်များကို နားဆင်သူ ပရိသတ်အား တင်ဆက်လိုခြင်းဖြစ်ပါသည်။

တင်ဆက်မည့် သီချင်း၊ ပတ်ပျိုး (၄) ပုဒ်အနက် 'ချစ်သမျှ' ကို ပတ်ပျိုးသီချင်း၏ စန္ဒရားတီးကွက်သည် မန္တလေးမြို့မတူရိယာ အသင်းကြီး၏ နာယက၊ ဂီတမဏ္ဍိုင်ပုဂ္ဂိုလ်များအနက် တစ်ဦးဖြစ်သော ဒါးတန်းဦးသန့်က မြန်မာ့ဂီတ၊ ကမ္ဘာ့ဂီတ ပေါင်းကူးဟန် တီထွင်ပြုစုထားသော pioneering piano music piece ရှေ့ပြေးစမ်းသပ်သည့် စန္ဒရားတီးကွက်အဖြစ် ဖန်တီးတီထွင်လမ်းပြပေးခဲ့မှုတစ်ခုဖြစ်ပါသည်။ ဒါးတန်းဦးသန့်သည် ဂီတပညာကို ဆရာကောင်းများ တပည့်အဖြစ် မြန်မာ့ဂီတကို စိန်ဗေဒါကြီး၊ စောင်းဒေဝဣန္ဒာမောင်မောင်ကြီးတို့ကို ပင့်ဖိတ်ခေါ်ယူနည်းနာခံ လေ့လာလိုက်စားခဲ့သူဖြစ်သည်။ ကမ္ဘာ့ဂီတကိုလည်း စန္ဒရား တူရိယာ၊ အကော်ဒီယံ၊ လေမှုတ်တူရိယာများကို စစ်ကြိုခေတ် မန္တလေးရှိနိုင်ငံခြားသား ဂီတပညာရှင်များထံမှ စနစ်တကျ တစ်ဆိုက်မတ်မတ် လေ့လာဆည်းပူးခဲ့သူဖြစ်သည်။ သူဆည်းပူးလေ့လာခဲ့သော မြန်မာ့မဟာဂီတဝမ်းစာ၊ ကမ္ဘာ့ဂီတဝမ်းစာများကိုလည်း ပေါင်းစပ်ကာ သူ့ခေတ် သူ့အခါအလျောက် piano music piece များအဖြစ် ဖန်တီးကာ မြို့မအသင်းသား စန္ဒရား ကိုသိမ်းမောင်အား လက်ထပ်တက်ယူတီးခတ်စေခြင်းဖြင့် အမွေပေးခဲ့သူဖြစ်သည်။ သင်္ကေတမှတ်တမ်းအနေနှင့် ဦးသန့်၏ 'ချစ်သမျှကို' ပတ်ပျိုးသီချင်း စန္ဒရားတီးကွက် တီးလက်များကို စန္ဒရား ကိုသိမ်းမောင်အား တီးခတ်စေကာ ကျွန်တော့်ဆရာ မန္တလေးပန်တျာကျောင်းမှ သင်္ကေတဆရာ ဆရာဦးဘိုက (၁၉၅၈) ခုနှစ် ဝန်းကျင်က မန္တလေးရုပ်ရှင်ခြံထဲတွင် တွေ့ဆုံ၍ ထုံ့ပိုင်း ... ထုံ့ပိုင်း ... မှတ်တမ်းတင် ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။

မြို့မနာယကဂီတပညာရှင်ကြီး ဒါးတန်းဦးသန့်ထံမှ ဂီတဝိုင်းဖွဲ့မှု music arrangement ပြုလုပ်ပုံကို ကြားနာသင်ယူခဲ့ဖူးပါသည်။ သူ၏ ဂီတသြဝါဒများသည် ကျွန်တော်၏ ဆင်ဖိုနီဂီတဝိုင်းဖွဲ့မှုအတွက် ခံစားမှုရသ ပို၍ ပို၍ စိတ်ကူးဆူးနှစ်စေမှုကို အထောက်အကူပြုလှပါတော့သည်။ မြန်မာ့ဂီတ၏ သဘောသဘာဝမှာ တေးပြုသူ၏ အခြေခံတေးသွားနှင့် စိတ်ကူးဖွဲ့ ခံစားရေးသားသော စာသားများပါရှိသည်။ သီချင်းတစ်ပုဒ်ကို musical arrangement ပြုလုပ်ရာတွင် ဤအချက်နှစ်ချက်ကို လက်မလွှတ်ပဲအမြဲ အာရုံပြုရမည်ဖြစ်ကြောင်း ပြောပြမှာကြားလေ့ရှိပါသည်။ သို့မှသာ တေးပြုပုဂ္ဂိုလ်၏ တေးဖွဲ့စဉ် မူရင်း ခံစားချက်ကို ကိုယ်စားထပ်ဆင့်မျှဝေ ခံစားတင်ဆက်နိုင်မည်ဆိုသည်ကိုလည်း နာယူခဲ့ဖူးပါသည်။

ကျန်သီချင်း (၃) ပုဒ်ဖြစ်သော "ယမုန်နာ၊ ညင်းလေကသွေးနှင့် သန်းယံကကျူး-မဟာဂီတပတ်ပျိုးသီချင်းများကို စာရေးသူ၏ ဆရာ ဆရာဖြစ်သော မြို့မငြိမ်း၏တပည့် မြို့မအသင်းသား စန္ဒရားဆရာ၊ သီချင်းကြီးဂီတပညာရှင်တစ်ဦးလည်းဖြစ်သော စန္ဒရား ဦးအုန်းမောင်၏ စန္ဒရားတီးကွက်တီးလက် အငွေ့အသက်များကို အခြေခံ၍ ဂီတဖွဲ့စည်းမှုပြုလုပ်ထားပါသည်။

"ယမုန်နာ" ပတ်ပျိုးနှင့် "တောနဲ့တောင်စွယ်" ယိုးဒယားသီချင်းများကို ဆရာ ဦးအုန်းမောင်ထံမှ သူ့တပည့် ကျွန်တော့်ဆရာ ဆရာဘိုက မန္တလေးနန်းတော်ရှေ့ရှိ ကျွန်တော့်အိမ်လေးမှာ စန္ဒရားနှင့်လက်ထပ် တက်ပေး၊ တက်ယူခဲ့ပါသည်။ ၁၀-၅-၁၉၈၆ ခုနှစ်လောက်က ယင်းဆရာတပည့်နှစ်ဦး၏ ကြိုးပမ်းမှုသည် ကျွန်တော့်အတွက် အမွေခံကောင်းတစ်ခု ဖြစ်စေခဲ့ပါသည်။ ဆရာဦးအုန်းမောင်၏ ယင်းသီချင်း (၂) ပုဒ် တီးကွက်၊ တီးလက်များကို ကျွန်တော့်ဆရာ ဆရာဘိုက ရေရှည်အကျိုးရှိစေလိုမှုအတွက် မပျောက်ပျက်စေရန် ကမ္ဘာသုံးဂီတ သင်္ကေတနှင့် လက်ရေးမူကြမ်း မှတ်တမ်းပြုစုခဲ့ခြင်းဖြစ်ပါသည်။

ဆရာဦးအုန်းမောင်သည် မြို့မငြိမ်း၏ နောက်ဆုံးလက်ရာဖြစ်သော 'တိမ်လွှာမို့မို့လွင်' အပါအဝင် တိမ်၊ ကကြိုးတီးကွက်၊ ရွှေအိုးစည်တီးကွက်၊ အိမ်သူပီပီ တီးကွက်များတွင် ဒါးတန်းဦးသန့်၏သား ဝေါလတာသန့်နှင့် တွဲဖက်ကာ လက်စွမ်းပြတီးခဲ့သော ဆရာကောင်းတပည့် ပန်းကောင်းပန်၍ သက်သေထူနိုင်ခဲ့သူ စန္ဒရားအတီးသမားတစ်ယောက်ဖြစ်ပါသည်။

မဟာဂီတ အတွေ့အကြုံကို အရေးအပြောမဟုတ်ဘဲ လက်တွေ့တီးခတ်နိုင်သည့် သီချင်းကြီးဂီတပညာရှင်တစ်ယောက်လည်း ဖြစ်သည်။ နောင်လာနောက်သား တပည့်တပန်းများ ကြားနာမှတ်သားပညာပွား စိမ့်သောငှာဆရာ၏ သီချင်းကြီးတီးဟန်တီးကွက် တီးလက်များကို တိတ်ခွေများဖြင့်လည်းကောင်း၊ တီဗွီတင်ဆက်မှုဖြင့်လည်းကောင်း မှတ်တမ်းထားရှိကာ အမွေပေးခဲ့ရှာသည်။ သူ့လိုင်းဖြစ်သော မြန်မာသီချင်းကြီးများနှင့် ပတ်သက်၍ ကြီးသူငယ်သူ ရွယ်တူမရွေး မည်သူကဖြစ်ဖြစ် ခိုင်းစေလာလျှင် အကူအညီ တောင်းခံလာလျှင် အမြဲတမ်းအဆင်သင့်အနေအထားရှိသူ မဟာဂီတအတီးသမား ဟင်းလေးအိုးကြီးဖြစ်ပါသည်။ ဆရာ၏ ပြောပြချက်ကို နာယူဖူးသည်များအနက်တစ်ခုမှာ -

> **"မြန်မာသီချင်းကြီးများကို ရေဒီယို၊ ရုပ်မြင်သံကြား ဖန်သားပေါ်မှ တင်ဆက်ထုတ်လွှင့်ရာတွင် အဆိုကို ပံ့ပိုးသော အတီးသမားအနေနှင့် အရိုးကို အရွက်မဖုံး၊ အစဉ်အလာ မူလည်းမပျောက်၊ နားဆင်သူ ပရိသတ်လည်း ငြီးငွေ့မှုမရှိစေဘဲ တီးလုံးတီးကွက်ကိုကြားစဉ်၊ မြင်စဉ်ခဏမှာပင် အာရုံပြုကာ လှည့်ကြည့် နားဆင်လာရလောက်အောင် ဆွဲဆောင်တီးခတ်နိုင်ကြစေလိုသည်။ သို့မှသာ သီချင်းကြီးများ၏ တင်ဆက်မှုသည် စောင့်ကြည့်နားဆင်ရသည်အထိ အနှစ်သာရရှိရှိ ထိန်းသိမ်းမှုလည်းမပျက် ခေတ်အဆက်ဆက် မျိုးဆက်သစ်လူငယ်တို့အတွက်လည်း မဟာဂီတကို မိတ်ဆက်ပေးရာ ရောက်ပေမည်"** - ဟူ၍ပင်ဖြစ်ပါသည်။

ယမုန်နာပတ်ပျိုးသီချင်းနှင့် "တောနဲ့ တောင်စွယ်" ယိုးဒယားသီချင်း (၂) ပုဒ်ကို ဆရာတိုက သူ့ဆရာ ဆရာဦးအုန်းမောင်ထံမှ လက်ထပ်တက်ယူကာ မျိုးဆက်အမွေအဖြစ် ကျွန်တော်ကတစ်ဆင့်ရယူနိုင်ခြင်း ဖြစ်ပါသည်။ ဤသီချင်းများကို ဂီတဝိုင်းဖွဲ့မှု music arrangement ပြုလုပ်ရာတွင် ဆရာဦးအုန်းမောင်၏ စန္ဒရားတီးကွက်များကို အခြေခံပါသည်။ Symphony Orchestra အတွက် လုပ်ရမည်ဖြစ်သောကြောင့် ပါဝင်သည့် music instruments အမျိုးအစားအလိုက် wood winds, brass, strings တူရိယာများ၏အသံအကြီးအသေး၊ အပျော့အမာ၊ pitch အနိမ့်အမြင့် practical range များကို ကမ္ဘာ့ဂီတမူဟန်သဘောမျှ မဟုတ်ဘဲ၊ မြန်မာ့ဂီတမူဟန်သဘောကိုပါ ထည့်သွင်းချိန်ဆပြီးမှ လုပ်ဆောင်ရပါသည်။

ယခု ဤဂီတကျမ်း အမှတ် (၁)၊ အမှတ် (၂) တွင် "မြမန်းဂီရိ"၊ "တောနဲ့ တောင်စွယ်"၊ "ပန်းဟောဝန်" ယိုးဒယား (၃) ပုဒ်နှင့် "ညင်းလေကသွေး"၊ "ယမုန်နာ"၊ "ချစ်သမျှကို" ပတ်ပျိုး (၃) ပုဒ်တို့ ပါရှိပါသည်။ မြမန်းဂီရိ ယိုးဒယားသီချင်းသည် စုံစည်း၊ ဝါးလက်သဘော အခြေခံဖြစ်၍ မြန်မာမူစည်းဝါးရသလည်း မပျက်၊ Orchestra သဘောလည်း သက်ဝင်မှုရှိစေရန် ကြိုးပမ်းပြုစုထားပါသည်။ တောနဲ့ တောင်စွယ်နှင့် ပန်းဟောဝန်သည် တောတွဲ့ယိုးဒယားသီချင်းများ ဖြစ်ပါသည်။ "တောနဲ့တောင်စွယ်" သီချင်းသည် နန်းသုံးဆရာမွန်းကြီး၏ တောတွဲ့ယိုးဒယားဖြစ်ပါသည်။ တောအလှ၊ တောင်အလှ၊ တောတွင်းရှိ ကျေးငှက်သာရကာတို့၏ သဘာဝများကို "ဘယ်ပန်းချီ ဟန်ရေးလို့ ဆေးမမှီ" သော်ငြား စာရေးသူအနေနှင့် စုဆောင်းလေ့လာလိုက်စားခဲ့သမျှသော မြန်မာ့ဟန်၊ ကမ္ဘာ့ဟန် ဂီတဝမ်းစာလေး များကို အခြေပြုကာ၊ ဂီတပန်းချီဖြင့် ကောက်ကြောင်းမျှ တင်ပြနိုင်သည်ဟု ဆိုငြားက၊ ကြိုးပမ်းမှု၏ ဆုလာဒ်အဖြစ် အလွန်ဝမ်းသာ ပီတိဖြစ်ရပါမည်။

ယမုန်နာပတ်ပျိုးသီချင်း၏ တေးသွား၊ စာသားမူရင်းအယူအဆမှာ တေးပြုသူ၏ သီတာတောင်ခြေတွဲ့ဖြစ်ပါသည်။ ယမုန်နာမြစ်၏ မြစ်တွင်းနှင့် သောင်ကမ်းမြင်ကွင်းရှုခင်းအဖုံဖုံ၊ သက်ရှိဇင်ယော်ငှက်ငယ်များ၏ ပျံဝဲလှုပ်ရှားမှုကို ကြည့်၍ စိတ်ကူးဖွဲ့ အတွေးနယ်ချဲ့ပုံ၊ လူသားရေလုပ်သား တံငါသည်များ၏ ဝမ်းရေးအတွက် လှုပ်ရှားရုန်းကန်မှု သဘာဝများကို ခံစားရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ ကျွန်တော့်အနေနှင့် မြို့မနာယကကြီး ဒါးတန်းဦးသန့်၏ ဂီတဝိုင်းဖွဲ့မှု အခြေခံနားလည်မှု နည်းနာများအရ သံစုံတီးဝိုင်းအတွက် သီတာတောင်ခြေတွဲ့ musical picture ကို ကမ္ဘာ့နည်းဟန်လည်းမပျက်၊ မြန်မာ့မဟာဂီတမူဟန်လည်း မယွင်း စဉ်းစားရင်း စိတ်ကူးရင်း တည်ဆောက်ဖန်တီးလုပ်ဆောင်ရပါသည်။

"မြမန်းဂီရိ" နှင့် "တောနှင့်တောင်စွယ်"၊ ပန်းဟောဝန်" ယိုးဒယားသီချင်း (၃) ပုဒ်အတွက် Piano piece နှင့် piano score (Orchestra arrangement) တို့ကို အသုံးပြုလိုသူများရှိက အသုံးပြုနိုင်ကြစေရန် ထည့်သွင်းရိုက်နှိပ်ပေးထားပါသည်။ "ယမုန်နာ" နှင့် "ချစ်သမျှကို" ပတ်ပျိုးသီချင်းများ၏ piano score (Orchestra arrangement) ကိုလည်း စာအုပ်ပြင်ဆင်မှု အထူအပါး၊ အရှည်အလျားဖြစ်မည်ကို မငဲ့ကွက်ပဲ Music education အနေနှင့် Volume (1) (2) ဂီတကျမ်းအမှတ် (၁) (၂) တို့တွင် အလျဉ်းသင့်သလို ထည့်သွင်းပေးထားပါသည်။

ယခု ဤဂီတကျမ်း -

MAHAGITA MYANMAR CLASSICS
PIANO & ORCHESTRA
Volume I
မြန်မာ့မဟာဂီတ စန္ဒရားနှင့် သံစုံတီးဝိုင်း

အမှတ် (၁) အပြီးတွင် အမှတ် (၂)၊ အမှတ် (၃) ကို ဆက်လက် ကြိုးပမ်းထုတ်လုပ်သွားမည် ဖြစ်ပါသည်။

ချစ်သမျှကို ပတ်ပျိုးသီချင်းအတွက် musical arrangement ပြုလုပ်ရာတွင် ဒါးတန့်ဦးသန့်၏ Piano piece ကို အခြေခံ၍ ကမ္ဘာသုံးတူရိယာများဖြင့် ကမ္ဘာ့နည်းဟန်၊ မြန်မာ့မဟာဂီတမူဟန်များ ပေါင်းစပ်ဖွဲ့စည်းမည်ကို အထက်တွင် တင်ပြပြီးဖြစ်ပါသည်။

ညင်းလေကသွေးနှင့် သန်းယံကကျူး - မဟာဂီတပတ်ပျိုးသီချင်းများ၏ ဂီတဝိုင်းဖွဲ့မှု musical arrangement များကိုလည်း အထက်ပါသဘောကို အခြေခံထား၍ ကြိုးပမ်းလုပ်ဆောင်ပါသည်။ ဂီတကျမ်းအမှတ် (၃) တွင် ပါဝင်မည် သန်းယံကကျူး မဟာဂီတပတ်ပျိုးသီချင်းသည် မဟာဂီတ အစဉ်အလာအရ အီနောင်စာတ်ထွက် အမျှော်စိုက်ပတ်ပျိုးတစ်ပုဒ်ဖြစ်ပါသည်။ လွန်ခဲ့သော အနှစ် (၂၀) ခန့်က စန္ဒရားဆရာ ဦးအုန်းမောင်နှင့် အဆိုတော်ထားတို့ တွဲဖက်အသံသွင်းထားသော ခွေကိုနားထောင်ခဲ့ဖူးပါသည်။ အဆိုတော်မမထား၏ သိမ်သိမ် မွေ့မွေ့ ထီးမှုန်းဆန်သီဆိုဟန်နှင့် စန္ဒရားဆရာဦးအုန်းမောင်၏ "နန္ဒမူ၊ သည်ရွှေဇောင်းက ..." အစချီ တေးထပ်အတီးပိုဒ်၏ တောက်တောက်ခါးခါး စန္ဒရားလက်သံဝေဝေဆာဆာကို နားဆင်ခဲ့ဖူးပါသည်။ ဆရာဦးအုန်းမောင်၏ တေးထပ်တီးကွက်မှုကို ပခုက္ကူမြို့ ဆိုင်းဆရာကြီး ဆရာညိုကြီးထံမှ လက်ဆင့်ကမ်းရယူပြီး ဆရာဦးအုန်းမောင်က ပတ္တလား၊ စန္ဒရားတီးကွက် ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။ ထို့ပြင်မက ဂီတဗဟုသုတအနေနှင့် ဆိုင်းဆရာကြီး ဆရာညိုကြီးကလည်း အဘဦးချစ်မောင်ထံမှ ရခဲ့သည်ဟု ကြားနာခဲ့ဖူးပါသည်။ ယင်းတီးကွက်ကို မူမပျက် ဟန်မလွဲ ကျွန်တော့်ဆရာ ဆရာဘိုက ကမ္ဘာသုံးဂီတသင်္ကေတနှင့် ရေးယူထိမ်းသိမ်းခဲ့ ရာမှ လက်ဆင့်ကမ်းအမွေအဖြစ် ကျွန်တော်ရရှိခဲ့ခြင်းဖြစ်ပါသည်။

ယခုစန္ဒရားဆရာ ဦးအုန်းမောင်၏ စန္ဒရားတီးကွက်ကို Symphonic ဂီတဖွဲ့စည်းမှုအရ ကမ္ဘာသုံးတူရိယာများနှင့် ပံ့ပိုးတီးခတ်မည် သံစုံတီးဝိုင်းကို မဟာဂီတအဖွဲ့အနွဲ့တစ်ခုဖြစ်သော တေးထပ်အမျိုးအစားသီချင်းအား တီးခတ်တင်ဆက်စေလိုသည် ဆန္ဒကြောင့် သန်းယံကကျူးပတ်ပျိုးကို ရွေးခြယ်ထည့်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ တေးသံရှင် ရီရီသန့်၏ မဟာဂီတ အဆိုပညာ ပြည့်ဝခန့်ထည်မှုနှင့် အနုပညာရသမြောက်အောင် တွဲဖက်သီဆိုထားသည်ကို နားဆင်ကြရပါမည်။ သန်းယံကကျူးပတ်ပျိုး အဆိုပိုဒ် တီးကွက်များနှင့် ညင်းလေကသွေးတီးကွက်များကို စန္ဒရားဆရာဦးအုန်းမောင်၏တပည့် မဟာဂီတဗဟုသုတဝမ်းစာရှိသူ မန္တလေးမြို့မ တူရိယာအသင်းကြီး၏ မဟာဂီတသီချင်းများ ပြုစုရေးကော်မတီဝင် ကိုမောင်မောင်စိုးက သင်္ကေတရေးဖွဲ့ရာတွင် တစ်တပ်တအား ပါဝင်ကူညီကြိုးပမ်းလုပ်ဆောင်ခဲ့ကြပါသည်။

နိဂုံးချုပ်အနေနှင့် ကျွန်တော်ရေးသားပြုစုခဲ့သည့် မန္တလေးမြို့မတူရိယာအသင်းကြီး၏ (၁၉၂၅-၂၀၀၀) ခုနှစ် စိန်ရတုသဘင် အထိမ်းအမှတ်အတွက်ထုတ်ဝေသော "ကမ္ဘာ့ဂီတသင်္ကေတ နည်းပညာနှင့် မြန်မာ့မဟာဂီတ မြန်မာသီချင်း" ဂီတဆိုင်ရာကျမ်းတွင် လူထုဒေါ်အမာရေးပေးသော အမှာစာတွင်ပါရှိသည့် -

> **'ကျွန်မတို့မှာ အမျိုးသားအမွေအနှစ်ကောင်းများကို အခိုင်အမာထားရှိနိုင်တဲ့ နည်းပညာတွေ၊ ပစ္စည်းတွေလည်း ရှေးကလို မဟုတ်တော့ဘဲ လွယ်လွယ်ကူကူရှိနေပြီဆိုတော့ လုပ်ကြရမယ့်တာဝန်တစ်ခုကို ဦးနိုင်သူက ဦးကိုထမ်း၊ ပဲ့နိုင်သူက ပဲ့ကိုထမ်းပြီး ကြိုးပမ်းရွက်ဆောင်လိုက်ကြပါတော့လို့ တိုက်တွန်းဆန္ဒပြုပါတယ်။'**

ဟူသော သြဝါဒအတိုင်း မန္တလေးမြို့မတူရိယာအသင်းကြီး၏ "MAHAGITA MYANMAR CLASSICS - PIANO & ORCHESTRA" "မြန်မာ့မဟာဂီတ စန္ဒရားနှင့် သံစုံတီးဝိုင်း" Music Edu (Enter) tainment ထုတ်လုပ်တင်ဆက်မှုသည် အမျိုးသားရေး အမွေအနှစ်ကောင်းဖြစ်စေဖို့ ကြိုးပမ်းမှု သမိုင်းမှတ်တိုင်တစ်ခုဖြစ်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ကိုရွှန်းမြိုင် (မြို့မ)
မန္တလေးမြို့မအပျော်တမ်းတူရိယာ

(၇-၇-၂၀၁၆)